စိတ်ကူးချိုချိုအနုပညာ



ကမ္ဘာကျော်တက်ကျမ်းရေးဆရာကြီး

HERBERT N.CASSON

# စီးပွားကြီးပွားနိတိများ

ဦးလှမြင့်(ဂန္ဓမာ)

မြန်မာပြန်

mgyoe.com

mgyoe.com

လုပ်ဆောင်မှုမှတစ်ပါး
ဘာမျှအရေးမကြီးပါ။
စကားဆိုသည်မှာ
ကြိယာတန်ဆာပလာ
တစ်မျိုးသာလျှင်ဖြစ်သည်။
လုပ်ငန်းလောကတွင်
စကားကြောင့်
လုပ်ဆောင်ပြီးမြောက်ခြင်း
မရှိပါလျှင်
ယင်းစကားတွင်
ဘာမှ ရည်ရွယ်ချက်၊
အဓိပ္ပာယ်မရှိပါ။

mgyoe.com

uhm 0008 / 1800

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

၈ ၀ ၈ ၈ ၄

စီးပွားကြီးပွားနီတိများ
ဦးလှမြင့်(ဂန္ဓမာ) ၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၂၇ မျက်နှာ၊ ၁၀ စင်တီ× ၁၆ •၅ စင်တီ
(၁) စီးပွားကြီးပွားနီတိများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စီးပွားကြီးပွားနိတိများ

ဦးလှမြင့်(ဂန္ဓမာ)

မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပြန်ဆိုသူ၏ အမှာစကား

ယခု စာအုပ်တွင် ဖော်ပြထားသည့် အဆိုအမိန့်များမှာ ရှေးအကျဆုံး တက်ကျမ်းရေးဆရာကြီးများထဲမှ တစ်ဦးလို့ဆိုနိုင်သည့် နာမည်ကျော်တက်ကျမ်းရေးဆရာကြီး Herbert N.Casson ၏ အဆိုအမိန့်များဖြစ်သည်။

မိမိဘဝနှင့် ရင်းပြီးရရှိခဲ့သည့် ဘဝအတွေ့အကြုံများအပေါ် အခြေခံထားသည့်အလျောက် သူ၏ အဆိုအမိန့်များသည် ရိုးရှင်းသည်။ အားပါသည်။ လူ့ဘဝ၏ ရှေ့ဆောင်မီးရှူးရောင်နှင့်တူသည့် ဒဿနများ ဖြစ်သည်။ လူငယ်၊ လူလတ်၊ လူကြီးပိုင်းအားလုံးအဖို့ ဘဝတိုးတက်ကြီးပွားရေးအတွက် လမ်းညွှန်

mgyoe.com

mgyoe.com

ကောင်းများဖြစ်သည်။ မှတ်သားလိုက်နာကျင့်သုံးပါက စွမ်းဆောင်ရည်ထက်မြက်သူများ ဖြစ်လာပြီး အကျိုးထူးမည်မှာ ဧကန်ဖြစ်ပါသည်။

အင်္ဂလိပ်-မြန်မာနှစ်ဘာသာနှင့် ရေးသားတင်ပြထားသည့်အတွက် အင်္ဂလိပ်စာကိုပါ တစ်စိတ်တစ်ပိုင်းအားဖြင့် လေ့လာရာရောက်သည်။

ယခု စာအုပ်ပါ ဆောင်းပါးများအားလုံးမှာ အပတ်စဉ်"အတွေးသစ်ဂျာနယ်"တွင်ပါရှိပြီးဖြစ်၍ တစုတစည်းတည်း လေ့လာနိုင်ရန် စုစည်း၍ စာအုပ်အသွင်ဖြင့် ပုံနှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါကြောင်း။

ဦးလှမြင့်(ဂန္ဓမာ)

၂၄-၈-၂၀၁၂

mgyoe.com

mgyoe.com



# မူရင်းစာရေးသူ Herbert N. Casson ၏ ကိုယ်ရေးအကျဉ်း

Herbert N. Casson ကို ကနေဒါနိုင်ငံ၊ အွန်တာရီယိုမြို့၊ အိုဒက်စ်စာအရပ်မှာ ၁၈၆၉ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ အဖေက မက်ဒရစ် သာသနာပြု ဘုန်းတော်ကြီး Wesley Casson ဖြစ်ပြီး မိခင်က Elizabeth Jackson ဖြစ်ပါတယ်။ Casson အဖေရဲ့ အလုပ်ကြောင့် သူတို့မိသားစုက နေရာအနှံ့ပြောင်းရွှေ့နေထိုင်ခဲ့ရတယ်။ မန်နီတိုဘာမှာ နှစ်အတန်ကြာနေထိုင်ခဲ့ပြီးနောက်

mgyoe.com

mgyoe.com



သူတို့မိသားစုက ၁၈၈၀ ပြည့်နှစ်မှာ အွန်တာရီယိုသို့ ပြန်ရောက်လာခဲ့ကြတယ်။ ကျောင်းမယ်မယ်ရရ မတက်ခဲ့ရတဲ့ Casson ဟာ ဘ၀တက္ကသိုလ်မှာပဲ ပညာသင်ယူခဲ့ရတယ်။ Casson က ၁၈၉၀ ပြည့်နှစ်မှာ ဒသနိက ဘာသာရပ် လေ့လာဖို့ဆိုပြီး Victoria ကောလိပ်သို့ တက်ရောက်ခဲ့တယ်။ သို့ပေမယ့် ယင်းအစား ဘာသာရေးဗေဒလေ့လာဖို့ စကောလားရှစ်ပေးခြင်းခံရတယ်။ ၁၈၉၂ ခုနှစ်မှာ နှစ်ထပ်ကွမ်းဘွဲ့ရခဲ့တယ်။

အက် ၂၃ နှစ်မှာ Casson သိက္ခာတော်ရမက်ဒရစ်ဘုန်းတော်ကြီးဖြစ်လာတယ်။ သို့ပေမဲ့ မကြာခင်မှာပဲ မိစ္ဆာဒိဋ္ဌိအယူရှိသူလို့ စစ်ဆေးအရေးယူမှုခံရပြီး ယင်းရာထူးကနေ နှုတ်ထွက်ပေးခဲ့ရတယ်။ ယင်းနောက် သူက ဘိုစတွန်သို့ ပြောင်းရွှေ့သွားပြီး စာအုပ်ထုတ်ဝေရေးဘက်မှာ သူ့လုပ်ငန်းဘ၀ စတင်ခဲ့တယ်။ သူ နယူးရော့မြို့ဆီ မရွှေ့ပြောင်းမီ လက်ထပ်ခဲ့ပြီး နယူးရော့ ညနေပိုင်း ဂျာနယ်မှာ အလုပ်စတင်လုပ်ခဲ့တယ်။ ယင်းနောက် Joseph Pulizer (ပူလစ်ဇာဂျာနယ်လစ်ဇင်ဆုတည်ထောင်ခဲ့သူ) ဦးစီးတဲ့ New York World သတင်းစာမှာ အလုပ်ဝင်လုပ်ခဲ့ တယ်။ ဂျာနယ် လစ်တစ်ဦးအနေနှင့် လုပ်ကိုင်စဉ် Casson

mgyoe.com

mgyoe.com

က သမ္မတ Gover Cleveland, မာကိုနီ၊ Nikolai Tesla ၊ သောမတ်စ်အက်ဒီဆင်နှင့် အလက်ဇန္ဒြား ဂရေဟမ်ဘဲလ်(တယ်လီဖုန်းတည်ထွင်သူ)တို့လို လူများနှင့် အင်တာဗျူးလုပ်ခဲ့တယ်။ သူ့ရဲ့ပထမဆုံး စာအုပ်ဖြစ်တဲ့ The Romance of Steel: The Story of a Thousand Millionaires ကို ၁၉၀၇ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့တယ်။ ယင်းစာအုပ်က ၁၈၀၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန်သံမဏိလုပ်ငန်းတိုးတက်လာပုံကို အသေးစိတ်ခြယ်မှုန်း ရေးသားထားတာဖြစ်တယ်။

Casson က ၁၉၁၄ မှာ အငြိမ်းစားယူပြီး သူ့မိသားစုကို အင်္ဂလန်သို့ ပြောင်းရွှေ့ခဲ့တယ်။ ပထမကမ္ဘာစစ်အတွင်း စက်ရုံများ စီမံခန့်ခွဲခြင်းအကြောင်း ဟောပြောပို့ချချက်များကို သူပြုလုပ်ရတယ်။ သူက Efficiency ဂျာနယ်ကို တည်ထောင်ပြီး သူကိုယ်တိုင်လည်း အဲဒီဂျာနယ်မှာ ရေးသားတယ်။ ယခုဖော်ပြတဲ့ အဆိုအမိန့်များက ယင်းဂျာနယ်က ထွက်ပေါ်လာတဲ့ ရလဒ်များပဲ ဖြစ်တယ်။

သူက ၁၉၅၀ အထိ ဂျာနယ်ကို ဆက်လက်ထုတ်ပြီး စာရေးသားခဲ့တယ်။ ဩစတြေလျ၊ နယူးဇီလန်၊ ဖိဂျီစတဲ့ နိုင်ငံများသို့ သွားရောက်ပြီး ဟောပြော

mgyoe.com

mgyoe.com

ပို့ချမှုများ လုပ်ရတယ်။ ယင်းခရီးများကနေ ပြန်ရောက်
လာပြီး မကြာမီ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၄
ရက်နေ့မှာ ကွယ်လွန်အနိစ္စ ရောက်ခဲ့တယ်။



mgyoe.com

mgyoe.com

## ဦးလှမြင့် (ဂန္ဓမာ)၏ ကိုယ်ရေးအကျဉ်း

စာရေးသူက အမျိုးသားစာပေဆုရှင် ဆရာကောင်းသန့်ဦးစီးတဲ့ The Best English မဂ္ဂဇင်းမှာ စာစောင်ထုတ်ဝေတဲ့ ၁၉၉၉ ခုနှစ်မှလည်းကောင်း၊ English for All မဂ္ဂဇင်းမှာ ၂၀၀၅ ခုနှစ်မှလည်းကောင်း Global English မှာ စတင်ထုတ်ဝေတဲ့ ၂၀၀၈ ခုနှစ်မှလည်းကောင်း အင်္ဂလိပ်စာပညာပေးဆောင်းပါးများကို ဦးလှမြင့်(ဂန္ဓမာ)ကလောင်အမည်နှင့် လစဉ်မပြတ် ရေးသားလာရာမှာ ယနေ့တိုင် ဖြစ်ပါတယ်။ ဒါ့အပြင် ဆရာမင်းရွှေမင်း(ထပ်ဆင့် အမျိုးသားစာပေဆုရှင်) ဦးစီးတဲ့ ၂ ပတ် တစ်ကြိမ်ထုတ် 'တော်ဝင်ပန်းဂျာနယ်'မှာ Business Words in Use

mgyoe.com

mgyoe.com

ခေါင်းစဉ်နှင့် တောက်လျှောက်ရေးသားလာခဲ့တာ ယခုဆို အပတ်စဉ် ၁၀၀ ကျော်ရောက်ရှိခဲ့ပါပြီ။

စာရေးသူက ယနေ့အထိ အင်္ဂလိပ်စာပညာ ပေးဆောင်းပါးများအပါအဝင် ဆောင်းပါးစုံ ၂၀၀၀ (နှစ်ထောင်) ကျော်ကို မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ စသည့်တို့မှာ ရေးသားခဲ့ပြီး "Test Your English Proficiency No.(1)/(2)" "အင်္ဂလိပ်ဝါကျများရေးဖွဲ့ခြင်း" ဦးလှမြင့်(မားကက်တင်း)ကလောင်အမည်နှင့် "Business Words in Use" အပါအဝင်စာအုပ် ၁၅ အုပ်ကျော် ပုံနှိပ်ထုတ်ဝေပြီး ဖြစ်ပါတယ်။

○○

mgyoe.com

mgyoe.com

# မာတိကာ

၁။ Efficiency
စွမ်းဆောင်ရည်ထက်မြက်မှုဆိုင်ရာ
အဆိုအမိန့်များ ......................................... ၁
၂။ Management
စီမံခန့်ခွဲမှုဆိုင်ရာ အဆိုအမိန့်များ ....................၇၉
၃။ Opportunities (
အခွင့်အလမ်းများဆိုင်ရာ အဆိုအမိန့်များ...........၁၁၇
၄။ Business
စီးပွားရေးလုပ်ငန်းဆိုင်ရာ အဆိုအမိန့်များ..........၁၇၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# EFFICIENCY

(စွမ်းဆောင်ရည်ထက်မြက်မှု)

mgyoe.com

mgyoe.com



## [၁]

စွမ်းဆောင်ရည် ထက်မြက်ခြင်းဆိုသည်မှာ အောင်မြင်မှုအဓိပ္ပာယ်ဆောင်သည်။ အောင်မြင်မှုကိုဦးကပင် အတတ်ပညာတစ်ခုပဲ ဖြစ်သည်။ လူတစ်ဦး တစ်ယောက်၏ အလုပ်သည်ဘာပဲဖြစ်ပါစေ ယင်းလုပ်ငန်းအောင်မြင်စေဖို့ လုပ်ဆောင်စရာ တချို့ ရှိသည်။

## [၂]

ငွေရှာခြင်းသည် အနုပညာတစ်ရပ်ဖြစ်သည်။ အသက်မွေးမှုလုပ်ငန်းအားလုံး၊ လုပ်ငန်းများနှင့် အတတ်ပညာပိုင်းဆိုင်ရာ အသက်မွေးမှုများတွင်လည်း ထို့အတူဖြစ်သည်။

စီးပွားရေးလုပ်ငန်းတစ်ခုသည် အသားတင် အမြတ်နှင့် ချစ်ကြည်မှုရအောင် အာရုံစူးစိုက်ခြင်းဖြင့်

mgyoe.com

mgyoe.com

အောင်မြင်မှုရအောင်လုပ်ရသည်။ သည်ကိစ္စသည် လွယ်ကူသည့် ကိစ္စတော့မဟုတ်။

စီးပွားရေးလုပ်ငန်း၌ သိပ္ပံနည်းကျ နည်းနာ နိသျရကို အသုံးပြုရမည်။ လုပ်သားများ၊ ပစ္စည်းကိရိယာများ၊ နည်းစဉ်များနှင့် ထုတ်ကုန်ပစ္စည်းများကို လေ့လာရမည်။ ဝယ်ယူအားပေးသူ လူထုအကြောင်းကိုလည်း လေ့လာဖို့ လိုသည်။ စွမ်းဆောင်ရည် ထက်မြက်ခြင်း သဘောတရားများကို သင်ယူနိုင်သည်။ စီးပွားရေးလုပ်ငန်းရှင်အများစုမှာ ယင်းသဘောတရားကို မသိကြချေ။ သို့အတွက် အောင်မြင်မှုဆိုသည်မှာ အတတ်ပညာတစ်ရပ်ဟူ၍ ဆိုရခြင်းမှာ မှန်လှသည်။

mgyoe.com

mgyoe.com


# [၃]

သာမန်လူတွေ အလိုအပ်ဆုံးအရာမှာ သတ္တိ ခဏ တဖြုတ်ရှိဖို့ပဲ ဖြစ်သည်။ အောင်မြင်သူတိုင်း၏ လုပ်ငန်းဘဝတွင် ရုတ်တရက် ဆုံးဖြတ်ချက်ချ၍ လုပ်ဆောင်ခြင်းနှင့် စခဲ့သည်ချည်း ဖြစ်သည်။ စွန့်စားမှုကို ပြုရဲသည့် သို့မဟုတ် ခက်ခဲသည့်အလုပ်ကို လုပ်ရဲသည့် ဆုံးဖြတ်ချက်မျိုး ဖြစ်သည်။

mgyoe.com

mgyoe.com


# [၄]

စွမ်းဆောင်ရည်ထက်မြက်ခြင်းသည် နက္ခတ္တပညာကို သတိထားစောင့်ကြည့်ခြင်းဖြင့် အစပြုသည်။ တကယ်တော့ သိပ္ပံပညာရပ်များအားလုံး လုပ်ကိုင်ပုံနှင့် မခြားပါ။ တွေးတောရသည့်သတိပြု စောင့်ကြည့်ခြင်းဖြင့် စတင်ရသည်။

ယခု ဘာတွေလုပ်နေသည်ကို ပထမဆုံးမှတ်သားရမည်။ ထို့နောက် ၎င်းကို တိုးတက်အောင် လုပ်ဆောင်ပါ။ ဒါသည်ပင်လျှင် စွမ်းဆောင်ရည်ထက်မြက်ခြင်း၏ ပုံသေနည်းဖြစ်တော့သည်။

mgyoe.com

mgyoe.com


# [၅]

စတိုးဆိုင်တစ်ဆိုင်ဆိုသည်မှာ ကုန်ပစ္စည်းများနှင့် ယန္တရားဆန်သည့် ဆိုင်ဝန်ထမ်းများရှိသည့် အဆောက်အအုံမျှသာ မဟုတ်ပါ။ ၎င်းအဆောက်အအုံတွင် ချစ်ခြင်း၊ မုန်းခြင်း၊ မနာလိုဝန်တိုခြင်း၊ ရည်ရွယ်ချက်ကြီးမားခြင်း၊ ကြောက်ရွံ့ခြင်းနှင့် ကြွေကွဲခြင်းများစသည့် ခံစားမှုဖြင့် ပြည့်နှက်နေသည်။

ပညာဉာဏ်ရှိသည့် ကုန်သည်တိုင်းသည် ဒီအဆောက် အအုံအတွင်းရှိ စိတ်ခံစားမှုများသည် ကိန်းဂဏန်းများနည်းတူ အရေးကြီးကြောင်း သိထားသင့်ပေသည်။

mgyoe.com

mgyoe.com


# [၆]

အဆန်းတကာ့အဆန်းတွေထဲမှာ အချက်တစ်ချက်ကတော့ လူတွေသည် မိမိတို့၏ ခန္ဓာကိုယ်၊ မိမိတို့၏နေအိမ်၊ မိမိတို့၏လုပ်ငန်းများနှင့် မိမိ၏ ကိုယ်ပိုင်အစွမ်းအစများနှင့် ပတ်သက်သည့် ထင်ရှားသည့်အချက်များကို ဘာကြောင့် သတိမမူမိကြသလဲဆိုခြင်းပဲ ဖြစ်သည်။

အသက်မွေးဝမ်းကျောင်း နယ်ပယ်အားလုံးတွင် ကြီးကျယ်သည့်တိုးတက်ဖြစ်ထွန်းမှု အများစုကို ပြုလုပ်ခဲ့သူတို့မှာ အပြင်လူများပဲ ဖြစ်သည်။ သူတို့က စူးရှသည့်မျက်စိများနှင့် ဝင်ရောက်လာပြီး ယင်းလုပ်ငန်းနယ်ပယ်တွင်းက လူတွေမမြင်မိသည်ကို သတိမူမိ၍ပဲ ဖြစ်သည်။

mgyoe.com

mgyoe.com


# [၇]

ဒီကမ္ဘာကြီးသည် အတွေးကမ္ဘာဖြစ်ကြောင်း ကျွန်တော်တို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သိရှိလာမှာ ဖြစ်သည်။ ကျွန်ုပ်တို့ ဦးနှောက်ကို စေစားထိန်းချုပ်ဖို့ တတ်သိနားလည်မည်ဆိုပါက ကျွန်ုပ်တို့ ယနေ့ အိပ်မက်ပင် မမက်ခဲ့ဖူးသည့် စွမ်းပကားမျိုးကို ကျွန်ုပ်တို့ ဖြစ်ထွန်းအောင် လုပ်ဆောင်နိုင်ပေလိမ့်မည်။

mgyoe.com

# [၇]

လုပ်ဆောင်မှုများမှ တစ်ပါး ဘာမျှအရေးမကြီးပါ။ စကားဆိုသည်မှာ ကြိယာတန်ဆာပလာတစ်မျိုး သာလျှင် ဖြစ်သည်။ လုပ်ငန်းလောကတွင် စကား ကြောင့်လုပ်ဆောင်ပြီးမြောက်ခြင်း မရှိပါလျှင် ယင်း စကားတွင် ဘာမှ ရည်ရွယ်ချက်၊ အဓိပ္ပာယ် မရှိပါ။

mgyoe.com

mgyoe.com

# [၉]

တစ္ဆေများအခြောက်ခံရသည့် လုပ်ငန်းများစွာကို ကျွန်ုပ်ကြုံဖူးသည်။ ကြိမ်ဖန်များစွာ ဒီတစ္ဆေများက တံခါးဝမှာ ရပ်ပြီး ကျွန်ုပ်တို့ မောင်းထုတ်ခဲ့သည်။ ဂရိတ်ဗြိတိန်တွင် ဒီလိုတစ္ဆေမျိုး မြို့တိုင်းမှာ ရှိကြသည်။ သူတို့၏ အမည်နာမ တချို့ကတော့ "ဒီနည်းအတိုင်း ကျွန်တော်တို့လုပ်နေကျပဲ"၊ "ကြော်ငြာတာ အလကားပါပဲ" "စွမ်းဆောင်နိုင်ရည် ထက်မြက်မှုဆိုတာ အလကားဟာတွေပါ" "အဲဒါလုပ်လို့ မရဘူး" "ဖတ်ချိန်မရဘူး" "ပစ္စည်းကောင်းလို့ သူ့ဘာသာသူ ရောင်းရတာပါ"ဟူ၏။

mgyoe.com

mgyoe.com


# [၁၀]

ကျွန်ုပ်တို့ လိုချင်တာက "အဲဒါကို လုပ်နိုင်ရမယ်" ဆိုတဲ့ စိတ်ဓာတ်မျိုး ဖြစ်သည်။ "အဲဒါ ဘာအသုံးကျမလဲ"ဆိုတဲ့စိတ်ဓာတ်မျိုး မဟုတ်ဘူး။ ခုလို ညည်းညူတတ်သူတွေက လုပ်ငန်းတိုင်းမှာ များစွာရှိနေလေရဲ့။

# [၁၁]

ကျွန်တော်တို့ လူကြီးတွေက လူငယ်တွေကို ဖြည်းဖြည်းလုပ်ဖို့ အမြဲပြောလေ့ရှိသည်။ ယင်းသည် တကယ့်အမှား။ လူငယ်တွေက ကျွန်ုပ်တို့ ထင်ထားသည်ထက် သူ့တို့က ပိုတတ်သိနားလည်ထားကြသည်။ ကျွန်ုပ်တို့မှာအချိန် အတန်ကြာကပင် ပျောက်ဆုံးကုန်သည့်စွမ်းအား၊ စိတ်အားထက်သန်မှုနှင့် စွမ်းဆောင်ရည်ထက်မြက်မှုတွေ သူတို့မှာ ရှိနေလို့ပဲ ဖြစ်သည်။

mgyoe.com

mgyoe.com



# [၁၂]

အမြန်နှုန်းဆိုသည်မှာ စွမ်းဆောင်ရည်ထက်မြက်မှု မဟုတ်ပါ။ စွမ်းဆောင်ရည် ထက်မြက်မှု၏ အကျိုးရလဒ်ပဲ ဖြစ်သည်။ တစ်ခုနှင့်တစ်ခု တခြားစီ ဖြစ်ပါသည်။

# [၁၃]

လူသည် သင်ကြားလေ့လာမှုရှိလေ မိုက်မဲမှု လျော့နည်းလာလေဖြစ်သည်။ ဘဝမှာ အောင်မြင်မှု အားလုံးသည် မိုက်မဲမှုကို ဖျောက်ဖျက်နိုင်ခြင်းအပေါ် တည်မှီနေသည်။ သို့တိုင် လူများစွာသည် ဘာသင်ကြားမှုမှ မရှိဘဲ ရက်များ၊ ရက်သတ္တပတ်များကို အချည်းနှီး ကုန်လွန်စေသည်။

mgyoe.com

mgyoe.com


# [၁၄]

စွမ်းရည်ထက်မြက်မှုဆိုသည်မှာ အချိန်၊ စွမ်း အင်နှင့် ငွေအနည်းဆုံးဖြင့် အလုပ်ကိုပြီးမြောက်အောင် လုပ်ဆောင်ခြင်းကို ဆိုလိုသည်။ ယင်းသည်ရာခိုင်နှုန်းဖြင့် ဖော်ပြပြောဆိုရသည့်အရာ ဖြစ်သည်။

mgyoe.com

mgyoe.com


# [၁၅]

လူများစွာသည် ဆင်းရဲသူတို့ထက် ချမ်းသာသူတို့က အသက်ကြီးသူထက်၊ အသက်ငယ်ရွယ်သူတို့က ဘဝကို ငြီးငွေ့နေကြသည်။ "စွမ်းဆောင်ရည်ထက်မြက်ခြင်း" ရှုထောင့်မှကြည့်လျှင် ဘဝကို ငြီးငွေ့ခြင်းသည် အလေးအနက်ထားရမည့် ကိစ္စပဲ ဖြစ်သည်။

"စွမ်းဆောင်ရည်ထက်မြက်ခြင်း"၏ ပထမဆုံး အခြေခံ သဘောတရားတစ်ခုမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အလုပ်ထဲတွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်တိုးတက်ဖြစ်ထွန်းမှုတွင် စိတ်ဝင်စားရမည်ဆိုသည့် အချက်ပဲ ဖြစ်သည်။

mgyoe.com

mgyoe.com


# [၁၆]

လူငယ်တိုင်းနီးပါး ကိုယ်ပိုင်အစွမ်းအစ မီးပွားလေး ရှိတတ်စမြဲဖြစ်သည်။ ဒီကိုယ်ပိုင်အစွမ်းအစ မီးပွား လေးကို မီးတောက်ကြီးဖြစ်အောင် လုပ်နိုင်သမျှအား လုံးကို လုပ်ဆောင်သင့်သည်။ သူ့ကိုယ်ကို စက်ရုပ် တစ်ရုပ်လို မဖြစ်စေသင့်။

လူအုပ်နောက် အများသူငါလို နောက်လိုက် လုပ်နေလျှင်တော့ သူ့အဖို့ သဲမှုန်တွေကလွဲပြီး ဘာမှ မည်မည်ရရ ရရှိမှာ မဟုတ်ပေ။

mgyoe.com

mgyoe.com


# [၁၇]

လူငယ်တစ်ယောက်သည် တာထွက်ကတည်း က လမ်းမှန်ပေါ် ရောက်ချင်လျှင် သူသည် ‘မဖြစ်မနေ လုပ်ရမည့်အချက်(၃)ချက်’ ကို လိုက်နာလုပ်ဆောင် သင့်သည်။ ယင်းအချက်(၃)ချက်ကတော့ ‘ငါ့အလုပ် ကိုငါစိတ်ဝင်စားရမယ်။ ငါ့ရဲ့ငွေရှာအားကို တိုးမြှင့် ပေးရမယ်။ ငါ့ဝင်ငွေထဲမှ တချို့ကို စုဆောင်းထားရ မယ်’ ဟူ၍ ဖြစ်သည်။

ဒီအချက်သည်ပင်လျှင် ‘စွမ်းဆောင်ရည် ထက် မြက်ခြင်း’ ၏အခြေခံပဲ ဖြစ်တော့သည်။

•

mgyoe.com

mgyoe.com


# [၁၈]

လူတစ်ယောက်သည်အခြေအနေအလွန် နိမ့်ပါးသွားပြီး“အဲဒါ ဘာဖြစ်သလဲ၊ ငါ ဂရုမစိုက်ပါ ဘူး”ဟူ၍ ပြောထွက်ပါလျှင် ထိုသူ့အတွက် မျှော်လင့်ချက် မရှိတော့ပြီ။ သူသည် မြေမမြုပ်ရသေးသည့် လူသေနှင့်ဘာမျှမခြား။ သူလိုလူတွေ အများကြီးရှိသည်။

mgyoe.com

mgyoe.com


# [၁၉]

မပြုသေးမီနှင့် ပြုလုပ်နေစဉ်အတွင်း လေ့လာသင်ယူသူသည် အကောင်းဆုံးသင်ယူခြင်းပင် ဖြစ်သည်။

အလုပ်တစ်ခုကို လက်မခံမီ များများသင်ယူထားခြင်းသည်သာလွန်ကောင်းမွန်ပါ၏။ ယင်းသည် စစ ချင်းပို၍ အဆင့်မြင့်သည့် ရာထူးမှစတင်စေနိုင်ပြီး ရာထူးတိုးဖို့အတွက် နှစ်ရှည်လများ စောင့်စားနေရခြင်းဘဝမှ ကျွန်ုပ်တို့အား လွတ်ကင်းစေသည်။

စာအုပ်များ၊ သင်ကြားပို့ချချက်များ၊ မဂ္ဂဇင်းများနှင့် မိမိ၏ကိုယ်ပိုင်အတွေ့အကြုံမှ သင်ယူလေ့လာခြင်းသည် နည်းလမ်းမှန်ကန်ပါသည်။

mgyoe.com

mgyoe.com

# [၂၀]

သင့်စိတ်သဘောနှင့် မကိုက်သည့် လုပ်ရန် တစ်စုံတစ်ရာရှိလျှင် ချက်ချင်းထလုပ်လိုက်ပါ။ ကြာရှည်ဆိုင်းထားလေ ပိုပြီး မကြိုက်လေထင်ရမည်။ သည့်အပြင် မကြိုက်သည့် အလုပ်ကိုလုပ်ခြင်းသည် ကြိုက်သည့် အလုပ်ကို လုပ်ခြင်းထက် ယေဘုယျအားဖြင့် အမြတ်အစွန်း ပိုမိုကြီးမားစွာ ရရှိမှာဖြစ်သည်။

mgyoe.com

# [၂၁]

စာအုပ်တစ်အုပ်ကိုပဲဖြစ်စေ၊ သိပ္ပံပညာရပ်တစ်ရပ်ကို ပဲဖြစ်စေ၊ မီးရထားလမ်းတစ်လမ်း ဒါမှမဟုတ်ဘဲ ဘဝ ၏ ဒဿနကို ဖန်တီးသည်ဖြစ်စေ ကြီးမြတ်သည့် လူ တစ်ယောက်သည် အမြဲကို တီထွင်ဖန်တီးနေရမည် သာ ဖြစ်သည်။ သူသည် လုပ်ရိုးလုပ်စဉ်လုပ်တတ် သည့် လူစားမျိုးမဟုတ်။

mgyoe.com

mgyoe.com

# [၂၂]

သင် ကျန်းမာပြီး အသက်ရှည်ရှည်နေလိုပါလျှင် သင့်ဦးနှောက်ကို တက်တက်ကြွကြွ ရှိနေပါစေ။ သတိမူပါ။ စာဖတ်ပါ။ စဉ်းစားပါ။ သင့်ကိုယ်ရေးကိစ္စများနှင့် အခြားသူများအပေါ် စိတ်ဝင်စားမှု ထားပါလေ။

လူတစ်ယောက်မှာ ဖျတ်လတ်တက်ကြွသည့် အမြင် မရှိတော့ဘူးဆိုလျှင် သူ စတင် ပြိုဆင်းနေပြီဖြစ်၏။

mgyoe.com

mgyoe.com


# [၂၃]

ဘာသာရပ်နှင့်ပတ်သက်ပြီး လူတစ်ဦးသည် ဘယ်လောက်ပဲ မသိသိ ထိုသူသည် ၎င်းအကြောင်းအရာနှင့်ပတ်သက်ပြီး ထင်မြင်ချက်(သဘောထား) ပေးနိုင်ကြောင်း သင် သတိပြုမိပေလိမ့်မည်။ တစ်ခါတစ်ရံ အလွန်ပြင်းထန်သည့် ထင်မြင်ချက်ကိုပင် ပေးပေလိမ့်မည်။ မသိမှုသည် ပညာဗဟုသုတထက်ပင် ထင်မြင်ချက်များကို ဖန်တီးပေးနိုင်သည်။ ဒါက မှတ်သားရမည့်အချက်ကြီးတစ်ချက်ပဲ ဖြစ်သည်။ ဘာမျှတတ်သိခြင်းမရှိသည့် ဦးနှောက်သည် ထင်မြင်ချက်ထုတ်ပေးရာ စက်ရုံတစ်ရုံ ဖြစ်နိုင်သည်။ တခြားထုတ်ကုန်နှင့်မတူခြင်းမှာ ထင်မြင်ချက်ကို ဘာမျှမရှိဘဲ ထုတ်လုပ်ဖန်တီးနိုင်ခြင်းပဲ ဖြစ်သည်။

mgyoe.com

# [၂၄]

ယာမြေ သို့မဟုတ် ဆိုင်တစ်ဆိုင်သည် ငွေရဖို့ သို့မဟုတ် အရှုံးပေါ်ဖို့ အခွင့်အရေးတစ်ရပ်မျှသာ ဖြစ်သည်။ ယင်းသို့ အရှုံးအမြတ်ပေါ်စေသည့်အရာမှာ စွမ်းဆောင်ရည်ထက်မြက်မှုပင် ဖြစ်သည်။

mgyoe.com

mgyoe.com

# [၂၅]

စွမ်းဆောင်ရည်ထက်မြက်မှုသည် နည်းပညာပိုင်းနှင့် ကိုယ်ကျင့်တရားနှစ်ခုစလုံးနှင့် သက်ဆိုင်သည်။ သည့်အတွက်ကြောင့်လည်း ကမ္ဘာကြီးအတွက် မျှော်လင့်အားထားရာဖြစ်တော့သည်။

ရင်းသည် လူတွေဆီမှ လုပ်အားပိုရရှိအောင် ညှစ်ထုတ်သည့်သဘောမဟုတ်။ အလုပ်လုပ်လိုသည့် စိတ်ဓာတ်ကို သွတ်သွင်းခြင်းသာလျှင် ဖြစ်သည်။ သို့မှသာ သူတို့တစ်တွေသည် သွန်သင်ဆုံးမရလွယ်ပြီး စိတ်ကျေနပ်မှုကိုလည်း ရရှိစေမှာ ဖြစ်သည်။ လုပ်ဆောင်စွမ်းရည်ထက်မြက်မှုဟူသည် ငွေရရှိမှုအတွက် စဉ်းစားသလို စိတ်ချမ်းသာမှုကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

mgyoe.com

mgyoe.com


# [၂၆]

ကျွန်ုပ်တို့ နားလည်တတ်မြောက်လာလေ လေ"ကျွန်ုပ်တို့ မသိရှိသည့်အရာ အများကြီးရှိသေးသည်"ဆိုသည့် ဗဟုသုတပင်လယ်ကြီး၏ ကျယ်ပြောမှုကို ပိုမိုသိရှိလာသည်။ သည့်အတွက် အကြင်သူ တစ်ဦးသည် အသက်ဇီဝိန်မချုပ်သေးသရွေ့ သင်ယူလေ့လာနေရမှာ ဖြစ်သည်။

mgyoe.com

mgyoe.com

# [၂၇]

တောင်ကုန်းတစ်ခု၏ နောက်မှာ သူ့ထက်မြင့်တဲ့ တောင်ကုန်းရှိလေရဲ့။ ယင်းနေရာသို့ ရောက်တတ်သူများက သိပ်မရှိ။ အများစုက တောင်ကုန်းငယ်ထိပ်ကို မရမက တွယ်တက်ကြပြီး ယင်းနေရာမှာပဲ သူ့တို့ရဲ့ဘဝကို ကျောက်ချထားကြတော့သည်။

mgyoe.com

mgyoe.com


# [၂၈]

"စိတ်ကို ပုံမှန်ထားပါ"။ ဒီအကြံပေးချက်ကို အခြေအနေ(၂)မျိုးတွင် ကျွန်ုပ်တို့လိုအပ်သည်။ အကြီးအကျယ်အောင်မြင်သည့်အခါမျိုးနှင့် အကြီးအကျယ်ရှုံးနိမ့်မှုမျိုးနှင့် ကြုံဆုံသည့်အခါပဲ ဖြစ်သည်။

mgyoe.com

mgyoe.com


# [၂၉]

အကြင်သူ တစ်ဦးသည် မိမိ၏ အဇ္ဈတ္တရန်သူများ (လောဘ၊ ဒေါသ၊ မောဟ စသည်)ကို တိုက်ခိုက် အောင်မြင်နိုင်ခြင်းလောက် ကြီးကျယ်ပြင်းထန်သည့် စစ်ပွဲဟူသည် မရှိ။ သည့်ထက် ဂုဏ်ပြုထိုက်သည့် အောင်မြင်မှုဟူသည် မရှိတော့ပြီ။

mgyoe.com

mgyoe.com


# [၃၀]

စဉ်းစားတွေးခေါ်ခြင်းသည် တီထွင်ဖန်တီးနိုင်သည့် အစွမ်းသတ္တိရှိသည်။ အဆောက်အအုံကို တည်ဆောက်ခြင်းနှင့် တူသည်။ ပထမဆုံး သင်သည် ဝတ္ထုပစ္စည်းများကို စုဆောင်းရသည်။ သည့်နောက် ယင်းပစ္စည်းများကို စုပေါင်းတပ်ဆင်ရသည်။

စဉ်းစားတွေးခေါ်ရာတွင် ပထမဆုံးအဆင့်မှာ အချက်အလက်နှင့်ကိန်းဂဏန်းများကို စုဆောင်းရှာဖွေရခြင်းပဲ ဖြစ်သည်။ သူတစ်ဦးသည် ထင်မြင်ချက်များနှင့်စဉ်းစားနိုင်သည်။ သို့သော် သည်သို့ပြုလုပ်လျှင် ဆုံးဖြတ်ချက်မှားယွင်းသွားနိုင်စရာ ရှိသည်။

ပထမဆုံးအရာမှာ သိရှိထားချက်ပင် ဖြစ်သည်။ ရှာဖွေသိရှိထားမှုကို ဆိုလိုခြင်းဖြစ်သည်။ ကြည့်ရှုမှတ်သားခြင်း၊ အခြားသူများအား မေးမြန်းခြင်း၊ စာအုပ်စာတမ်းများ ဖတ်ခြင်းဖြင့် အကြင်သူတစ်ဦးသည် အချက်အလက်များကို ရှာဖွေနိုင်သည်။

mgyoe.com

mgyoe.com


ထို့နောက် သူသည် သူရရှိထားသည့်အချက်အလက်များကို လေ့လာရမည်။ ဘာက အသုံးဝင်ပြီး ဘာက အသုံးမဝင်သည်ကို သူရှာရမည်။ သူ ဆုံးဖြတ်ချက်ရသည်အထိ သူမှာရှိသည့်အချက်အလက်များ အပေါ် ဆင်ခြင်သုံးသပ်ရမည်။ သည့်နောက် ဘာလုပ်ရမည်ကို သူသိရှိမှာ ဖြစ်သည်။

mgyoe.com

mgyoe.com


# [၃၁]

ပျော်ရွှင်မှုနည်းပါးယုတ်လျော့အောင် လုပ်ဆောင်ရာမှာ စွမ်းဆောင်ရည်ထက်မြက်မှုသည် အခြားအရာများထက်သာသည်တဲ့လား။ ဆင်းရဲမွဲတေခြင်း၏ အဓိကလက်သည်တရားခံမှာ စွမ်းဆောင်ရည်ထက်မြက်မှု မရှိခြင်းကြောင့်ပဲ မဟုတ်ပေဘူးလား။ မကောင်းမှု၊ ဒုစရိုက်မှုအားလုံးမှာ အများဆုံး တွေ့နိုင်တာကဆင်းရဲမွဲတေခြင်းပဲ မဟုတ်ပေဘူးလား။ ၎င်းသည် ပျော်ရွှင်မှုကို ဖျက်ဆီး ရာမှာ အကြီးမားဆုံး အရာပဲ မဟုတ်လား။ ပျော်ရွှင်မှုတွင် အရည်အသွေး ရှိသည်။ တစ်စုံတစ်ရာ ထိုက်ထိုက်တန်တန် စွမ်းဆောင်ပြီးမြောက်သည့်အခါတွင် ကျွန်ုပ်တို့ ပျော်ရွှင်မှု အကြီးအကျယ် ရရှိတော့သည်။ ယင်းပျော်ရွှင်မှုကို ကျွန်ုပ်တို့မိသားစု၊ မိတ်သင်္ဂဟများနှင့်အတူ မျှဝေခံစားကြသည်။

mgyoe.com

mgyoe.com


# [၃၂]

လောင်းကစားသည့် အလေ့အကျင့်သည် လူတစ်ယောက်၏ မိမိကိုယ်ကို အားကိုးလိုသည့် စိတ်ဓာတ်ကို ပျက်စီးစေသည်။ ယင်းသည် အလေးအနက်ထားရမည့်ကိစ္စပဲ ဖြစ်သည်။

သူ့ကို ထောက်ကူပေးရန် သူက အခွင့်အလမ်းပေါ် မှီခိုလာရတော့သည်။ သူ့ငွေကို သူက ကံပေါ်ပုံအောပြီး သေချာပေါက် ငွေရဖို့ဖြစ်သည့် သူ့ကိုယ်ကိုဖွံ့ဖြိုးအောင်လုပ်ဖို့တော့ မေ့လျော့နေတတ်သည်။

လူတစ်ဦးတစ်ယောက်သည် မဖြစ်မနေ လောင်းကစားဖို့ လုပ်ရတော့မည်ဆိုလျှင် ဘာကြောင့် သူကိုယ်တိုင်အပေါ် အလောင်းအစားမပြုလုပ်နိုင်တော့မလဲ။

mgyoe.com

mgyoe.com


# [၃၃]

ဖျော်ဖြေမှုများ၊ ကြည့်စရာများနှင့်စိတ်လှုပ်ရှား စရာထောင်ချီရှိနေသည့် ယနေ့ကာလတွင် သင်ပြောဆို ပုံနှင့် ရေးသားဟန်က စိတ်ဝင်စားစရာမရှိလျှင် သင့် ပြောစကားနှင့် သင့်ရေးသားချက်ကို ဘယ်သူမှ နား ထောင်လို၊ ဖတ်ရှုလိုမှာ မဟုတ်။

# [၃၄]

နိုင်ငံတိုင်း လိုအပ်နေသည်ကတော့ သီးသန့် ဘာသာ ရပ်တွေမှာ တတ်သိနားလည်သည့် ပုဂ္ဂိုလ်တွေ ပိုမိုရရှိရေးပဲ ဖြစ်သည်။

mgyoe.com

mgyoe.com


# [၃၅]

ဦးနှောက်အသိဉာဏ်တိုးရေးနှင့် အိတ်ကပ် ဖောင်းရေး အတွက် ယနေ့ကာလလောက်စွမ်းဆောင်ရည်ထက် မြက်မှုကို လေ့လာဖို့ အချိန်သည် မရှိဖူးခဲ့။

စွမ်းဆောင်ရည်ထက်မြက်ခြင်းသည် လုပ်ငန်း ရှင်များအား လူနာဆောင်များနှင့် သည့်ထက်ပိုဆိုး သည့် နေရာများနှင့်ကင်းဝေးအောင် စွမ်းဆောင်ပေး ပေလိမ့်မည်။ စိတ်ကျန်းမာရေးကိုလည်း မြှင့်တင်ပေး မည်။ လုပ်ငန်းရှင်တို့အား မှုမှန်အသိဉာဏ်ရှိရှိ လုပ် ဆောင်စေပြီး ဘဝ၏ ချမ်းသာပျော်ရွှင်မှု တစ်စိတ်တစ် ပိုင်းကိုလည်း ရရှိစေမှာ ဖြစ်သည်။

mgyoe.com

mgyoe.com


# [၃၆]

စွမ်းဆောင်ရည် ထက်မြက်ခြင်းကြောင့် အောင်မြင်သူတိုင်းသည် သူမြို့၊ သူ့နိုင်ငံနှင့် သူ့ကိုယ်တိုင်အတွက် အကျိုးကျေးဇူးရရှိစေသည်သာ။ သူ့၏စွမ်းဆောင်ရည် ထက်မြက်ခြင်း၏ အကျိုးရလဒ်များကို တခြားသူအများအပြားက ရရှိခံစားရသည်။

# [၃၇]

လူ့ယဉ်ကျေးမှု အဆောက်အအုံတစ်ခုလုံးကို အောင်မြင်မှုများအပေါ် တည်ဆောက်ထားခြင်းဖြစ်သည်။ လူအများအား စွမ်းဆောင်ရည် ထက်မြက်အောင်၊ အောင်မြင်မှု ရရှိအောင် သင်ကြားပေးသည့်အလုပ်ထက် ပိုအသုံးကျသည့်အလုပ်ဟူသည် ဒီကမ္ဘာတွင် မရှိတော့ပြီ။

mgyoe.com

mgyoe.com

# [၃၈]

အကြင်သူတစ်ဦးတစ်ယောက်သည် စီမံ အကွက်ချပြီး တစ်ခုခုကို လုပ်ပါက စွမ်းအင်နည်းနည်းနှင့် နှစ်ဆတိုး အောင်မြင်ပြီးမြောက်နိုင်သည်ဆိုသည် မှာ တကယ့်ကို မှန်ကန်ပါသည်။ သည်သို့ပြုနိုင်ခြင်းသည် စွမ်းဆောင် ရည်ထက်မြက်ခြင်း၏ အနှစ်သာရပင်ဖြစ်တော့သည်။

mgyoe.com

mgyoe.com

# [၃၉]

ဆင်းရဲခြင်းကို အဓိပ္ပာယ်မရှိ အမွှန်းတင်ရေးသားချက် အများအပြားရှိနေသည်။ ဘယ်ဟာမှ ရိုးသားမှု မရှိ။ ဆင်းရဲချင်ပါသည်ဆိုသူကို ကျွန်ုပ်တွေ့ ချင်စမ်းပါဘိ။

ငွေကြောင့် ပျက်စီးသွားရပါသည်ဆိုသည့်သူ တစ်ဦးတစ်ယောက်ကို ကျွန်ုပ်အား ပြပါ။ ဆင်းရဲမှု ကြောင့် ပျက်စီးသွားရသူတစ်ရာကို ကျွန်ုပ်က ပြပါ လိမ့်မည်။

ငွေဆိုသည်မှာ သာ၍ကောင်းသည့်အိမ်ရာ၊ ပိုမို စည်းစိမ်ရှိမှု၊ ပို၍များပြားသည့် စာအုပ်များ၊ တေး သီချင်းများ၊ ခရီးသွားလာမှုများ၊ ပို၍ကျယ်ပြန့်သည့် အယူအဆများ၊ ပို၍ကျယ်ပြန့်သည့် စာနာထောက် ထားမှုများနှင့် အရည်အသွေးပို၍ မြင့်မားသည့် စာရိတ္တကိုဆိုလိုရာ ရောက်သည်။

mgyoe.com

mgyoe.com



# [၄၀]

ဆင်းရဲမွဲတေမှုနှင့် အိမ်တွင်းရေးဒုက္ခ၊ သုခများကြောင့် ဒါဝင်လို ဦးနှောက်ဉာဏ်ရည်ကောင်းသည့်သူ တစ်ဦး ဖြစ်လင့်ကစား ဘဝမှာ အရှုံးနှင့်တွေ့ရသည် ဆိုခြင်းမှာ သံသယရှိစရာမလိုပါ။

mgyoe.com

# [၄၁]

ချမ်းသာကြွယ်ဝသူတို့သည် 'ကြီးပွားရေး' အတွက် ဘာမှ မည်မည်ရရ ချန်ထားခဲ့သူ မရှိသလောက်။ ကျွန်ုပ်ဆိုချင်သည့်သဘောမှာ သူတို့သည် နိုင်ငံ၏ ကြီးပွားရာကြီးပွားကြောင်းအတွက် လိုအပ်သည့် သုတေသန သို့မဟုတ် လုပ်ဆောင်နိုင်စွမ်း ထက်မြက်မှု သို့မဟုတ် တီထွင်မှု သို့မဟုတ် သိပ္ပံပညာရပ်အတွက် ငွေချန်ထားခြင်း မပြုသလောက်ဖြစ်ခြင်းပဲ ဖြစ်သည်။

# [၄၂]

ကြီးကြီးမားမားအောင်မြင်မှုတစ်ခုက ကျဆုံးမှုဒါဇင် ဝက်အတွက် ပေးလျော်နိုင်သည်။

mgyoe.com

mgyoe.com

# [၄၃]

ဂရိတ်ဗြိတိန်တွင် တွေးခေါ်ရှင်တွေ အလုံအလောက် မရှိသေးပေ။ လူအများစုက သတင်းစာဖတ်သူတွေသာ ဖြစ်ကြသည်။ သူတို့က သူတို့ ဦးနှောက်ထဲမှာ သိုလှောင်ထားတာတွေကိုသာ သုံးစွဲ သူ ဖြစ်သည်။ ဦးနှောက်၏ တီထွင် ဖန်တီးတတ် သည့် 'ဝပ်ရှော့(ပ်)' ကို အသုံးချခြင်းမဟုတ်။

mgyoe.com

# [၄၄]

ငှက်များအတွင်း စွမ်းဆောင်ရည် ထက်မြက်မှု။

အေးမြလေထန်သည့်နေ့တွေမှာ ငှက်များအတွက် ကျွန်ုပ်အစာချသည့်အခါ ပထမဆုံးရောက်လာတာတွေကတော့ ငှက်ဝဝတစ်တစ်တွေပဲ ဖြစ်သည်။

အစာကုန်ခါနီးမှာတော့ ငှက်ပိန်လေးတွေ ရောက်လာကြသည်။

ဒီငှက်ပိန်လေးများသည်အဆိုးမြင်ဝါဒီများ' နှင့် တူတော့သည်။ 'အကောင်းမြင်ဝါဒီများနှင့်တူသည့် ငှက်တွေက အစာရှိရာသို့ တစ်ဟုန်ထိုး ပျံဆင်းလာချိန်မှာ အဆိုးမြင်ဝါဒီ' ငှက်များကတော့ သစ်ပင်ပေါ်မှာ နားပြီး ခိုက်ခိုက်တုန်နေလေရဲ့။

mgyoe.com

mgyoe.com


# [၄၅]

ဘယ်နေရာဖြစ်ဖြစ် စကားကို လိမ်လိမ်မာမာ ပြောဆို
တတ်သူသည် ဩဇာတိက္ကမ ရှိသူပဲ ဖြစ်တော့သည်။

# [၄၆]

ကျွန်ုပ်တို့အတွက် နေ့စဉ် စဉ်းစားချိန်သတ်သတ်
မှတ်မှတ် မရှိခြင်းသည် ကျွန်ုပ်တို့၏ အကြီးမားဆုံး
သော အဟောသိကံဖြစ်မှု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

mgyoe.com

mgyoe.com


# [၄၇]

ငါးမျှားတံ တစ်ချောင်းနှင့် ငါးမျှားသည်ထက် ပိုက်ဖြင့် ဖမ်းခြင်းသည် ငါးများများမိဖို့ ပို၍ အခွင့်သာသည်။ ပိုက်ဖြင့် ဖမ်းသူက ငါးတစ်ဟန္ဒြတ်အလေးချိန်မိသည့် အခါ ငါးမျှားတံနှင့် မျှားသူက နှစ်ကောင်စ သုံးကောင်စသာ မိပေလိမ့်မည်။

# [၄၈]

'ရိုးသားခြင်း'သည် စွမ်းဆောင်ရည်ထက်မြက်မှု၏ အခြေခံမူဟူ၍ပင် ကျွန်ုပ်ဆိုချင်ပါသည်။ ယင်းသည် စွမ်းဆောင်ရည် ထက်မြက်မှုနှင့်စာရိတ္တအတွက် အခြေခံအုတ်မြစ်ပင် ဖြစ်သည်။

mgyoe.com

mgyoe.com


# [၄၉]

စက်ရုံတစ်ရုံတွင် မှန်ကန်သည့် လုပ်ငန်းခွင် စရိုက်များကို ရှာတွေ့ပြီဆိုလျှင် အကျိုးရလဒ်မှာအား စိုက်ရမှု လျော့နည်းလာခြင်း၊ မောပန်းရမှု လျော့နည်းလာခြင်း၊ ထုတ်လုပ်မှုတိုးတက်ခြင်း၊ လုပ်ခများ တိုးလာခြင်း၊ အမြတ်ပို၍ ရရှိခြင်းနှင့် အလုပ်အတွက် ဂုဏ်တက်ခြင်းတို့ပဲ ဖြစ်သည်။

# [၅၀]

ရေမကူးတတ်သူ တစ်ဦးသည် ရေကူးတတ်အောင် ဘယ်လို သင်ပေးနိုင်မှာလဲ။ စီးပွားရေးဘဝတွင် အောင်မြင်မှု မရသူ တစ်ဦးက စီးပွားရေး အကြောင်းကို ဘယ်လိုသင်ပေးနိုင်မှာလဲ။

mgyoe.com

mgyoe.com


# [၅၁]

နိုင်ငံတစ်နိုင်ငံ၏ ကြီးကျယ်ခမ်းနားမှုသည် ယင်းနိုင်ငံ၏ ကြည်းတပ်၊ ရေတပ်နှင့် အစိုးရအပေါ်မူတည်သည်မဟုတ်။ ယင်းနိုင်ငံက ပိုင်ဆိုင်ရရှိထားသည့် အစွမ်းကုန် ဖွံ့ဖြိုးရင့်ကျက်သည့်ပုဂ္ဂိုလ်ဦးရေပေါ်တွင် မူတည်သည်။

# [၅၂]

လူတစ်ယောက် အောင်မြင်မှုရလာပြီဆိုလျှင် ယင်းအောင်မြင်မှုကို ဆက်လက် ထိန်းထားနိုင်ဖို့ နားလည်တတ်မြောက်ဖို့ လိုသည်။ လုပ်ငန်းလုပ်ဆောင်ရာမှာ သူ့အမူအကျင့် အများအပြားကို ပြောင်းလဲဖို့လိုကောင်းလိုပေလိမ့်မည်။

mgyoe.com

mgyoe.com



# [၅၃]

လုပ်ငန်းခွင်အများစုတွင် အကောင်းဆုံး အလုပ်သမား သည် အညံ့ဆုံးအလုပ်သမားများထက် ၃–၄ဆ ခန့် ပို၍ တော်ကြသည်။ လုပ်ငန်းတိုင်းမှာ လုပ်သား လေးပုံတစ်ပုံသည် သူတို့ရရှိခံစားရသည့် လုပ်ခကြေး ငွေထက် သူတို့က ပိုပြီး တန်ကြေးရှိသူများ ဖြစ်ကြ သည်။

mgyoe.com

mgyoe.com


# [၁၄]

စက်ရုပ်များလို အမူအကျင့်ရှိသူတို့သည် ဘာကိုမျှ မတီထွင်၊ ဘာကိုမျှ မဖန်တီး၊ ဘာကိုမှ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းမရှိ။ ရှေ့သို့ တက်လှမ်းမှုတိုင်းကို ပိုမိုသစ်လွင်ကောင်းမွန်သည့်အရာကို စဉ်းစားကြံဆမိသူ၊ တီထွင်ဉာဏ်ရှိသူတို့ ဖန်တီးပြုလုပ်ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com



# [၅၅]

စွမ်းဆောင်ရည် ထက်မြက်ခြင်းသည် လုပ်အား သို့မဟုတ် စက်ပစ္စည်းများထက် ရှယ်ယာများ၏ တန်ဖိုးကို ပို၍ တိုးတက်စေသည်။ ဒီအချက်ကို အများအားဖြင့် မသိကြချေ။

ရင်းနှီးမြှုပ်နှံမှုကို ၂ဆ သို့မဟုတ် ၃ဆ တိုးပွားစေမည့် မှော်တောင်ဝှေးတစ်ချောင်းသာ ရှိသည်ဆိုကြား အံ့။ ၎င်းသည် စွမ်းဆောင်ရည်ထက်မြက်ခြင်းပင် ဖြစ်ပါလိမ့်မည်။

# [၅၆]

လူတစ်ယောက်သည် သင်ကြားပြသ၍ မရဆို ပါလျှင် သူ့အတွေ့အကြုံသည် သူ့အတွက် ဘာမှ တန်ဖိုးရှိမှာ မဟုတ်။ မဟာအမှားများရှိနေလင့်ကစား သူမာန ဆက်ပြီးထားနေဦးမည်သာ ဖြစ်သည်။

m.gyoe.com

mgyoe.com


# [၅၇]

သူတစ်ဦးတစ်ယောက်သည် သူ၏ ကျရှုံးမှုမှ သင်ခန်းစာယူပြီး တစ်ဖန် ကြိုးစားလျှင် ယင်းကျရှုံးမှုသည် သူ့ကို မထိခိုက်စေပါ။ သူ့ကြိုးပမ်းမှုအား ရပ်ဆိုင်းသွားသည်အထိ မဖြစ်စေသရွေ့ ယင်းကျရှုံးမှုသည် သူ့ကို မထိခိုက်စေပါ။

သူတစ်ဦးတစ်ယောက်၏ ကျရှုံးမှုသည် နောက်သူတစ်ဦးအား အကြံဉာဏ်ရရှိစေသည်ဆိုခြင်းမှာ မှန်ပါသည်။ တီထွင်မှုများသမိုင်းတွင် သည်အချက်ကို ကျွန်ုပ်တို့ သတိပြုမိသည်။ အဲဒီဆင်သည် အခြားတီထွင်သူတို့၏ ကျရှုံးမှုများကို အချိန်ယူလေ့လာပြီး အောင်မြင်မှုများအဖြစ်သို့ ပြောင်းလဲသည်။

စကားတစ်လုံးတည်းဖြင့် ပြောရလျှင်“ကျရှုံးသူအတွက်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ အခွင့်အလမ်းတစ်ခုပဲ ဖြစ်သည်။

mgyoe.com

mgyoe.com



# [၅၈]

သိပ္ပံပညာရှင်များ၏ အောင်မြင်မှုလျှို့ဝှက်ချက်မှာ သူတို့သည် တကယ့်ကို ပထမဆုံး သင်ကြား နားလည်လွယ်သူများဖြစ်၍ပဲ ဖြစ်သည်။ အယူအဆများ နှင့် ထုံးတမ်းစဉ်လာများက သူတို့ကို နောက်ဆုတ်သွားအောင် မလုပ်နိုင်ချေ။

သူတို့သည် ရှားပါးသည့် စောင့်ကြည့်လေ့လာခြင်းစွမ်းအားကို ပထမဆုံး ဖော်ထုတ်သူများပဲ ဖြစ်သည်။ ထို့အပြင် သူတို့သည် လက်တွေ့စမ်းသပ်ချက်များ၏ တန်ဖိုးကို ပထမဆုံး သိမြင်ကြသူများလည်းပဲ ဖြစ်သည်။

mgyoe.com

# [၁၉]

စကားပြောဆိုရာမှာ တစ်ဦးတစ်ယောက်က ဘာကြောင့် ကျရှုံးပြီး နောက်တစ်ယောက်က အဆင်ပြေရသည်ကို ကျွန်ုပ်တို့ မကြာခဏ တွေးတောမိကြသည်။ ကံကြောင့် ဒီလိုဖြစ်ရတာပါလို့ ကျွန်တော်တို့ မကြာခဏ ပြောဆိုပေလိမ့်မည်။ ဒီအပြောမျိုးသည် နက်နဲမှုမရှိ။ အကြောင်းရင်းခံများက အမြဲရှိနေသည်။

စီးပွားရေးလုပ်ငန်း အောင်မြင်ရခြင်း၏ အကြောင်းရင်းများကို အတိအကျ သိရှိထားပြီးဖြစ်သည်။ ယင်းအကြောင်းအချက်များကို စီးပွားရေးလုပ်ငန်းစာအုပ်များတွင် ဖော်ပြထားသည်။ အားလုံးကို စုလိုက်လျှင် ယင်းကို 'စွမ်းဆောင်ရည် ထက်မြက်ခြင်း'ဟူ၍ ဆိုရပေမည်။

mgyoe.com